ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ ကြာသပတေးနေ့၊ (12-5-2011) (၆၇၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Cendrawasih II ခန်းမ၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးသို့တက်ရောက် ကမ္ဘာ့နိုင်ငံများ၏ အသိုက်အဝန်းအတွင်းတွင် အာဆီယံပါဝင်ဆောင်ရွက်နိုင်မှု ဒေသတွင်းနှင့် နိုင်ငံတကာဖြစ်စဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် မေ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၈ ရက် နံနက် ၉ နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Cendrawasih II ခန်းမ၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုကီးယား မူအစ်ဇာဒင် ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှား သမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနို၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်း သမာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက် နာဂျစ်ဘင်ထွန်း ဟာဂျီ အဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နို အကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း ကိုယ်စား ဝါရင့်ဝန်ကြီး ပါမောက္ခ အက်စ်ဂျယာ ကူးမား၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနိုက အဖွင့်အမှာစကားပြောကြားသည်။

အမြင်ချင်းဖလှယ်

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် အာဆီယံပြင်ပဆက်ဆံရေး၊ ကမ္ဘာ့နိုင်ငံများ၏ အသိုက်အဝန်းအတွင်းတွင် အာဆီယံအသိုက်အဝန်း၏ ပါဝင်ဆောင်ရွက်နိုင်မှု၊ ဒေသတွင်းနှင့် နိုင်ငံတကာဖြစ်စဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အစည်းအဝေးအပြီးတွင် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

(သတင်းစဉ်)

ကြေးမုံ
The Mirror
၁၂-၅-၂၀၁၁
(ကြာသပတေးနေ့)

လူထုဗဟိုပြု အာဆီယံပေါ်ပေါက်အောင် စွမ်းဆောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မေ ၇ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံ မျက်နှာ စုံညီ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးသို့ ဘရူနိုင်းဒါရုဆလမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

(၁၈)ကြိမ်မြောက် အာဆီယံ မျက်နှာစုံညီ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသူများက စားနပ်ရိက္ခာဖူလုံရေးအတွက် သုတေသနဌာနများ တိုးချဲ့သွားရေး၊ စားနပ်ရိက္ခာဖြန့်ဝေမှုတွင် ညှိနှိုင်းဆောင်ရွက်ရေး၊ အာဆီယံ+၃နိုင်ငံများနှင့် ညှိနှိုင်းပူးပေါင်းမှုတိုးချဲ့သွားရေး ဆွေးနွေးကြသည်။ ထို့အတူ စွမ်းအင်လုံခြုံရေး၊ လျှပ်စစ်စွမ်းအင်လုံခြုံရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန်ကိစ္စများ၊ ၂၀၁၁ ခုနှစ်အတွင်း အာဆီယံကုန်စည်ပြပွဲကျင်းပရေးနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးမြှင့်ပေးရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မေ ၇ ရက် မွန်းလွဲပိုင်းတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ အစိုးရအဖွဲ့အကြီးအကဲနှင့် အာဆီယံပါလီမန်အဖွဲ့အစည်း ကိုယ်စားလှယ်များဆွေးနွေးပွဲ၊ အာဆီယံခေါင်းဆောင်များနှင့် လူငယ်ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲနှင့် အာဆီယံခေါင်းဆောင်များနှင့် လူမှုအသိုက်အဝန်း အဖွဲ့အစည်းကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲတို့သို့လည်း တက်ရောက်ဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲများ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ကိုယ်စားလှယ်များက ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးမှု ကွာဟချက်လျှော့ချရေး၊ စားနပ်ရိက္ခာနှင့် စွမ်းအင်လုံခြုံရေး၊ အမျိုးသမီးနှင့်ကလေးသူငယ်များ ကာကွယ်ရေးစသည်တို့ကို ဆွေးနွေးကြသည်။

ထို့အတူ ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း ပေါ်ပေါက်လာရေး၊ အစိုးရနှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေးစသည်တို့ကိုလည်း ဆွေးနွေးကြသည်။

အာဆီယံအသိုက်အဝန်း ပေါ်ပေါက်လာရေးသည် အစိုးရများအပေါ်တွင်သာ မှီခို၍မရဘဲ ပြည်သူလူထု၏ ပါဝင်မှုပေါ်တွင်လည်း မူတည်သည်။ယခုအခါ အာဆီယံနိုင်ငံများ၏ ဘုံအကျိုးစီးပွားအတွက် ပညာရေး၊ စွန့်ဦးတီထွင်မှုနှင့် ယဉ်ကျေးမှုအစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ လူထုဗဟိုပြု အာဆီယံပေါ်ပေါက်လာရေး ဝိုင်းဝန်းကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါသည်။ ။

ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်း သတ်မှတ်ကာလပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ရန်ကုန် မေ ၁၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော် ဖောက်လုပ်လျက်ရှိသော ၈၉ မိုင်ရှည် ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်းစီမံကိန်းတွင် ၂၀ ဒသမ ၇၅ မိုင်ရှည် ပုသိမ်(ဘဲဂရက်)-အိမ်မဲ ရထားလမ်းပိုင်းကို မတ် ၂၀ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။

ယင်းရထားလမ်းပိုင်းကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် စတင်ဖောက်လုပ်ခဲ့ပြီး တစ်နှစ်နှင့် သုံးလအကြာတွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကာ ယင်းရထားလမ်းစီမံကိန်းတွင် ပထမဦးဆုံးဖွင့်လှစ်နိုင်သည့် ရထားလမ်းအစိတ်အပိုင်း ဖြစ်သည်။

ပုသိမ်(ဘဲဂရက်)-အိမ်မဲ ရထားလမ်းပိုင်းကို ဖောက်လုပ်ရာ၌ ဆင်ဂေါင်းကျေးရွာအနီး မိုင်တိုင် ၅ မိုင်တွင် အောက်ခံမြေသားညံ့ဖျင်းမှုကြောင့် GEO-TEXTILE နည်းပညာဖြင့် ငွေကြေးများစွာသုံးစွဲ၍ ဖောက်လုပ်ခဲ့ရသည်။ ရထားပြေးဆွဲရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် တစ်နှစ်ခန့်စောင့်ကြည့်ခဲ့ပြီးမှ ရထားလမ်းကို ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ)ရထားလမ်းသစ်ဖောက်လုပ်ပြီးစီးပါက ခရီးလမ်းတစ်လျှောက်ရှိ ဒေသများမှ ကုန်စည်များ ရန်ကုန်မြို့နှင့် ဒေသအသီးသီးသို့ လွယ်ကူစွာ စီးဆင်းဝင်ရောက်နိုင်ပြီး ပုသိမ်မြို့မှ ဟသ်ာတ၊ ယင်းမှ ကြံခင်း-ပခုက္ကူ-ကလေးသို့လည်းကောင်း၊ ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်းရှိ မင်းဘူးမြို့မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့လည်းကောင်း၊ ပုသိမ်မြို့မှ ရန်ကုန်မြို့၊ ယင်းမှ နေပြည်တော်နှင့် ဒေသအသီးသီးသို့လည်းကောင်း လွယ်ကူစွာ ကူးသန်းသွားလာနိုင်မည်ဖြစ်ရာ ယင်းရထားလမ်းစီမံကိန်း သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် မြန်မာ့မီးရထားက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၁

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် (ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်) မစ္စတာဗီဂျေနမ်ဘီးယားနှင့် အဖွဲ့သည် ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

ဆေးပညာဖြင့် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဦးတည်ဆောင်ရွက်ကြရန်လို စေတနာထားဆောင်ရွက်လျှင် လူအများ၏ ယုံကြည်အားကိုးမှုကို ရရှိမည်

နေပြည်တော် မေ ၁၁

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် မေ ၇ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး အထွေထွေရောဂါကုဆေးရုံကြီး (၅)ထပ် ဆေးကုသဆောင်အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုအုပ်များနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။ (အောက်ပုံ)

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာထားဆောင်ရွက်ကြရန်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသည် လူနာများ၏ အသက်နှင့်ရင်းရသည့် လုပ်ငန်းဖြစ်၍ ဘဏ္ဍာငွေအထောက်အပံ့များကို အလေအလွင့်မရှိ၊ မလိုလားအပ်သော ကုန်ကျမှုမျိုး မဖြစ်စေရန်၊ ပြည်သူ့အကျိုးစီးပွားထိခိုက်မှုမရှိစေရေး အသုံးပြုကြရန်၊ အချင်းချင်း စည်းလုံးညီညွတ်ခြင်းဖြင့် တစ်ဦး၏လုပ်ဆောင်မှုအောင်မြင်မှုကို တစ်ဦးကတန်ဖိုးထားအသိအမှတ်ပြုကြရန်စသည်ဖြင့် မှာကြားသည်။

ယင်းနောက် မွန်းတည့် ၁၂ နာရီတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး (၅)ထပ် ဆေးကုသဆောင်အစည်းအဝေးခန်းမ၌ ဆေးရုံကြီးမှ လက်ထောက်ဆရာဝန်များ၊ မြို့နယ်များမှ ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဆရာဝန်များနှင့် သူနာပြုများအား တွေ့ဆုံ၍ မိမိတို့သင်ကြားတတ်မြောက်ခဲ့သည့် ဆေးပညာဖြင့် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဦးတည်ဆောင်ရွက်ကြရန် လိုကြောင်း၊ ကုသိုလ်ရသည့် မွန်မြတ်သော အသက်မွေးဝမ်းကျောင်းပညာရပ်ကို ဆောင်ရွက်ရသည့်အတွက် စေတနာထားဆောင်ရွက်လျှင် လူအများ၏ ယုံကြည်အားကိုးမှုကို ရရှိမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးသူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာမာလာဝင်း၊ပါမောက္ခ/ဌာနမှူးများ၊ဆရာ၊ ဆရာမများ၊ သူနာပြုများနှင့် လည်းကောင်း၊ မန္တလေးတီဘီရောဂါအထူးကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်အေးနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့်လည်းကောင်း၊ အထက်မြန်မာပြည် တီဘီရောဂါဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် လည်းကောင်း၊ မန္တလေးဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာခင်လှ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့်လည်းကောင်း တွေ့ဆုံပြီး အဂတိလိုက်စားမှုကင်းသည့် အများအကျိုး သယ်ပိုးဆောင်ရွက်လိုသော သဘောထားခံယူချက်ဖြင့် ကိုယ်ကျင့်တရားကောင်းမွန်သည့် ဝန်ထမ်းများ ဖြစ်အောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၁

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းသည် မေ ၈ ရက် ညနေ ၃ နာရီ ၁၀ မိနစ်တွင် ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) ညှိခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာဝင်းမြင့်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးညဏ်လင်းနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့်အတူ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Vu Huy Hoang နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းတို့သည် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံလက်မှတ်ရေးထိုးထားသည့် သဘောတူစာချုပ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် နှစ်ဖက်အစိုးရဌာနများအား တာဝန်ပေးအပ်ရေး၊ စိုက်ပျိုးရေးကဏ္ဍနှင့် စပ်လျဉ်းသည့် နည်းပညာ ပူးပေါင်းဖလှယ်ဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) ညှိခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၁

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသော (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့ တက်ရောက်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မေ ၆ ရက် မွန်းလွဲပိုင်းတွင် ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) ၌ ကျင်းပသော (၅)ကြိမ်မြောက် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံ နိုင်ငံရေး-လုံခြုံရေး အသိုက်အဝန်း ကောင်စီအောက်ရှိ ကဏ္ဍအလိုက် အဖွဲ့အစည်းများ၏ လုပ်ငန်းတိုးတက်မှု၊ (၄)ကြိမ်မြောက် အာဆီယံ နိုင်ငံရေး-လုံခြုံရေး အသိုက်အဝန်းကောင်စီ အစည်းအဝေး ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်မှု အခြေအနေ၊ အာဆီယံနိုင်ငံရေး-လုံခြုံရေး အသိုက်အဝန်း အခြေပြမြေပုံနှင့် ယင်းအခြေပြမြေပုံတွင် ပါဝင်သော ဦးစားပေးကဏ္ဍများ အကောင်အထည်ဖော်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်၍ လုံဘော့မြို့တွင် ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့် အစည်းအဝေး၊ ဂျကာတာမြို့တွင် ကျင်းပခဲ့သည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးနှင့် အာဆီယံ-ဂျပန် ဝန်ကြီးများအထူး အစည်းအဝေး၊ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည့် အရှေ့အာရှ ထိပ်သီး အစည်းအဝေးဆိုင်ရာ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးများ၏ သဘောတူညီချက်များ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး ကိစ္စရပ်များနှင့် မြန်မာနိုင်ငံမှ ၂၀၁၄ ခုနှစ်တွင် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးကိစ္စတို့ကို ဆွေးနွေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် (၈)ကြိမ်မြောက် အာဆီယံ ညှိနှိုင်းရေး ကောင်စီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် အာဆီယံနိုင်ငံခြား ရေးဝန်ကြီးများသည် အာဆီယံ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ၊ အာဆီယံအမြဲတမ်းကိုယ်စားလှယ်များ၏ အစီရင်ခံစာ၊ အာဆီယံ ပေါင်းစည်းရေး လုပ်ငန်းအဖွဲ့၏ အစီရင်ခံစာနှင့် အာဆီယံ ပေါင်းစည်းဆက်သွယ်ရေး ညှိနှိုင်းရေးကော်မတီ၏ အစီရင်ခံစာ တို့အပေါ် သုံးသပ်ဆွေးနွေးခဲ့သည့်အပြင် အရှေ့တီမောနိုင်ငံက အာဆီယံသို့ တင်းပြည့်အဖွဲ့ဝင်အဖြစ် ဝင်ရောက်လိုသည့်ကိစ္စ၊ အာဆီယံမှ နိုင်ငံတကာ စာချုပ်များ ချုပ်ဆိုရာတွင် ဆောင်ရွက်ရမည့် စည်းမျဉ်း စည်းကမ်းဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့သည်။

ယင်းနေ့ ညနေပိုင်းတွင် ပြည်ထောင်စု ဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဂျကာတာမြို့ရှိ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာန၌ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အာရ်၊ အမ်၊ မာတီ၊ အမ်၊ နာတလီဂါဝါက တည်ခင်းဧည့်ခံသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံ

တွေ့ဆုံမှာကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး၊ စစ်သံမှူးနှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၁

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ လိုက်ပါလျက် မေ ၈ ရက် ညပိုင်းတွင် ဂျကာတာမြို့ရှိ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးနေအိမ်သို့ ရောက်ရှိရာ သံအမတ်ကြီး ဦးညဏ်လင်းနှင့် ဇနီး ဒေါ်ခင်မာနွယ်၊ စစ်သံမှူး ဗိုလ်မှူးကြီးအေးသော်နှင့် ဇနီး ဒေါ်ခင်ဦးမေ၊ သံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား သံအမတ်ကြီးနှင့် စစ်သံမှူးတို့ ဦးဆောင်သော သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ ဂါရဝပြု ကန်တော့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြည်သူများထောက်ခံ အတည်ပြုထားသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ပြည်သူ ရွေးချယ်ထားသော အစိုးရသစ်ပေါ် ထွန်းလာမှု အခြေအနေ၊ ဒို့တာဝန် အရေးသုံးပါးသည် အမျိုးသားရေး မူဝါဒဖြစ်၍ သားစဉ်မြေးဆက် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် အခြေအနေ၊ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် အဖြစ် တည်ဆောက်သွားရမည့် အခြေအနေ၊ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စိုက်ပျိုးရေးကို အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရင်း စက်မှုနိုင်ငံအဖြစ် ထူထောင်ရမည့် အခြေအနေ၊ အရင်းအနှီးအတွက် နိုင်ငံတော်တွင် သဘာဝ အရင်းအမြစ်များရှိပြီးဖြစ်၍ စက်မှုနိုင်ငံထူထောင်နိုင်ရန်အတွက် လိုအပ်သော ကျန်းမာကြံ့ခိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းရေးအတွက် နိုင်ငံတော်က မွေးထုတ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ သံတမန်ကျင့်ဝတ် စည်းကမ်း၊ ဥပဒေများနှင့်အညီ ပြုမူကျင့်ကြံနေထိုင်ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ကြိုးပမ်းဆောင်ရွက်သွားရမည့် အခြေအနေများကို မှာကြားပြီး သံအမတ်ကြီး၊ စစ်သံမှူး၊ ဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး၊ စစ်သံမှူး၊ ဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာဖြင့် တည်ခင်းဧည့်ခံကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) ၌ ကျင်းပသည့် အာဆီယံ စီးပွားရေးဝန်ကြီးများ၏ (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၁

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသော (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့သော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် မေ ၆ ရက် နံနက် ၈ နာရီခွဲတွင် ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) ၌ ကျင်းပသည့် အာဆီယံ စီးပွားရေးဝန်ကြီးများ၏ (၁၈)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် (၅)ကြိမ်မြောက် အာဆီယံ စီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးအတွက် ကြိုတင်ညှိနှိုင်းမှုများ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ)၏ တတိယမဏ္ဍိုင်ဖြစ်သည့် အာဆီယံဒေသအား စီးပွားရေးဖွံ့ဖြိုးမှုမျှတသည့် ဒေသဖြစ်စေရေးအတွက် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ CLMV နိုင်ငံများအား အာဆီယံ ပေါင်းစည်းရေးလုပ်ငန်းများအားလုံးတွင် ပါဝင်လာစေရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးနှင့် အေအီးစီ အကောင်အထည်ဖော်မှုအပေါ် အမြဲမပြတ် ကြီးကြပ်ရေးအတွက် အေအီးစီ အမှတ်ပေးအကဲဖြတ် ယန္တရား ပိုမိုခိုင်မာလာစေရန် ပံ့ပိုးရေးနှင့် မိမိနိုင်ငံတွင်းနှင့် ဒေသဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု ပိုမိုဖွံ့ဖြိုးရန် တာဝန်ပေးရေးစသည်တို့ကို ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီခွဲတွင် ကျင်းပသည့် (၅)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အစည်းအဝေး၌ အာဆီယံဝန်ဆောင်မှုကဏ္ဍများ ဖြေလျှော့ပေးခြင်းနှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံများတွင် ၂၀၁၅ ခုနှစ်မတိုင်မီ ဝန်ဆောင်မှု လွတ်လပ်စွာ စီးဆင်းရေးအတွက် ပျော့ပျောင်းမှုအစီအမံကို အသုံးပြုရန်ကိစ္စရပ်များ၊ အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးများမှ တင်ပြသည့်ကိစ္စရပ်များ၊ အာဆီယံလယ်ယာနှင့်သစ်တောဝန်ကြီးများ အစည်းအဝေးမှ တင်ပြသည့် အစီရင်ခံစာနှင့် ပုဂ္ဂလိကကဏ္ဍမှ တင်ပြချက်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည့် (၁၀)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ဥရောပသမဂ္ဂ (EU) ကုန်သွယ်ရေးကော်မရှင်နာတို့ တွေ့ဆုံဆွေးနွေးပွဲသို့ ဆက်လက်တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဥရောပသမဂ္ဂ၏ ရင်းနှီးမြှုပ်နှံမှု မူဝါဒအသစ်အပေါ် အမြင်ချင်းဖလှယ်၍ အာဆီယံနှင့်ဥရောပသမဂ္ဂအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဆက်ဆံရေးနှင့် Green Technologies ၏ အကျိုးကျေးဇူးနှင့် စိန်ခေါ်မှုများအပေါ် ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဂျကာတာမြို့ရှိ ဟာလင်ပါဒါနာ ကူဆူမာလေဆိပ်၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်နှင့် ဂျကာတာမြို့၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်ရန် သွားရောက်ခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့်အတူ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် မေ ၉ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ခေတ္တတည်းခိုသည့် Ritz Carlton ဟိုတယ်မှ ဟာလင်ပါဒါနာ ကူဆူမာလေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတအား အင်ဒိုနီးရှားသမ္မတနိုင်ငံ Minister for Administrative Reforms Mr. E.E. Mangindaan၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Sebastianus Sumarsono၊ သံတမန်ရေးရာဦးစီးဌာနအကြီးအကဲ Mr. Lutfi Rauf နှင့် တာဝန်ရှိသူများ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးညဏ်လင်းနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးအေးသော်နှင့်ဇနီး၊ သံရုံးနှင့် စစ်သံရုံးဝန်ထမ်းမိသားစုများက ဟာလင်ပါဒါနာ ကူဆူမာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်နှင့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်ရန် သွားရောက်ခဲ့ပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် ဂျကာတာမြို့ရှိ ဟာလင်ပါဒါနာ ကူဆူမာလေဆိပ်သို့ ရောက်ရှိလာစဉ်။

(သတင်းစဉ်)

☆ **ကျောဖုံးမှ**

ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်၊ အာဆီယံအမြဲတမ်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သုံးသပ်ရှင်းလင်း

အခမ်းအနားတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင်အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနိုက (၁၈)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ရှင်းလင်းဆွေးနွေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Assembly Hall၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံ မျက်နှာစုံညီ ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၅-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

- ၅း၀၅ ပဌာန်းပါဠိတော်+ဓမ္မဂီတ
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ပါရာယနသုတ္တန်"တရားတော် (အပိုင်း-၁)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၅၉)**
- ၈း၅၀ Activities In The City
- ၉း၀၀ အလက(၁) ကျောက်ကြီးစု၊ ပဲခူးမြို့အာစရိယပူဇော်ပွဲ အခမ်းအနား
- ၉း၁၀ New V.ROHTO မျက်ကြည် မျက်စဉ်းဆေးရောင်းအား အကောင်းဆုံးကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုပွဲအခမ်းအနား
- ၉း၂၅ Science For All
- ၉း၄၅ မြန်မာ့ရုပ်ရှင်လုပ်ငန်းသမိုင်း
- ၁၀း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၄၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ
- ၁၁း၀၅ The Champion of Dance
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၅ အလက(၉) အင်းစိန် ယခင် စိန်ဂျော့ကျောင်း၏အာစရိယပူဇော်ပွဲ
- ၁၂း၂၀ မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ-၂၀၁၁
- ၁၂း၄၅ ကုသိုလ်ယူဆင်ကာန္တဲ့. . . ဖြဟ္မဏကောဏ္ဍညသိမ်အောင်ပွဲ
- ၁း၀၀ "ပါရာယနသုတ္တန်"တရားတော် (အပိုင်း-၁)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Quiz Idol
- ၃း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁)**
- ၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၅၉)**
- ၅း၀၀ Activities In The City
- ၅း၂၅ ဓာတ်ပုံထဲမှအမှတ်တရများ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ရန်ကုန်မြင်ကွင်းကျယ်
- ၆း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ"(အပိုင်း-၂)**
- ၇း၁၀ Style ရှိမှ Star ဖြစ်မယ်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၆၀)**
- ၁၀း၁၅ အားကစားမြင်ကွင်းစုံ
- ၁၀း၄၅ ကြည်နူးဆွတ်ပျံ့သာယာ အဆင့်မြင့်သစ်ခွဥယျာဉ်ကမ္ဘာ
- ၁၁း၀၀ အနုပညာမိုးကောင်းကင်
- ၁၁း၂၀ သိ. . . တတ်စေသော်
- ၁၂း၂၀ သံစဉ်များကိုထုဆစ် အလှဆင်သူများ
- ၁၂း၄၅ မီးလောင်ခံရသူအား ရှေးဦးသူနာပြုစုနည်း
- ၁၂း၅၀ စိတ်ဝင်စားစရာမုန့်လုပ်နည်းပညာ Myanmar Baking Training Centre မှာ. . .
- ၁း၀၅ ကိုယ်ပိုင်ဟန်ဖက်ရှင်
- ၁း၃၀ သတ္တုတူးသောရွာကလေး
- ၁း၄၅ Celebrity Profile
- ၂း၂၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
- ၂း၄၅ လင်းလက်တောက်ပ မီးဆိုင်းအလှ
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ လှပစွာချုပ် ဂျုံရိုးဦးထုပ်
- ၄း၁၀ စိတ်ချယုံကြည် Global Wave Technology
- ၄း၂၀ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညို ဖူးမြော်ကျိုက်တလန်းစေတီတော်
- ၄း၄၅ သမိုင်းထဲကမင်းကွန်း လင်းလွန်းသည့်သာသနာ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် နေပြည်တော်သို့ ရောက်ရှိ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သော ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် (ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်) မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် အဖွဲ့များအား ရွှေနန်းတော်ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၁

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် (ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ်) မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်နှင့် တာဝန်ရှိသူများ၊ ကုသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow B. Parajuli နှင့် အဖွဲ့ဝင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝေနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မစ္စတာဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သွားရောက်တွေ့ဆုံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သော ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရပ်များအပေါ် အကောင်အထည်ဖော်နေမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၂-၅-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၃ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၃၀ ၃။ ဓမ္မပူဇာတေး
- ၇း၃၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၄၀ ၅။ မြန်မာ့ရှုခင်း
- ၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၅ ၁။ နိုင်ငံတော်သီချင်း
- ၄း၁၀ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၄။ မင်းမသိသေးပါဘူးကွာ (ပညာပေးဇာတ်လမ်းတို)
- ၄း၃၀ ၅။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၃၅ ၆။ ဗွီစီဒီကျော်ကြားတေး
- ၄း၄၅ ၇။ မွေးမြူသုတ
- ၄း၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၅၅ ၉။ ကြိုတင်တားဆီးရန်သူမီး
- ၅း၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၆၄)**
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၅ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၄။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၂၁)
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၈)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဒို့တာဝန်အရေး(၃)ပါး
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ အနုပညာရှင်၏တစ်နေ့တာ
- ၂၃။ ကုန်သွယ်သုတ
- ၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၁၃)**
- ၂၆။ ဂီတရင်ခုန်သံ



အောင်သခ်-၂ ရှာဖွေရေးတွင်းမှ တစ်နေ့လျှင် လေဆီ ၁၅၄ စည်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၂၅ ဒသမ ၈ သန်း ထွက်ရှိ

ရန်ကုန်မြို့နှင့် အနီးဆုံးလုပ်ကွက်ဖြစ်ပြီး ပြည်တွင်းသုံးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် လျင်မြန်စွာ ဆောင်ရွက်နိုင်မည့် အနေအထားရှိ

နေပြည်တော် မေ ၁၁

မြန်မာနိုင်ငံ ကမ်းလွန်ရေနံလုပ်ကွက်အမှတ် M-3 တွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော ထိုင်းနိုင်ငံ PTTEPI ကုမ္ပဏီသည် အဆိုပါလုပ်ကွက်အတွင်း ရှာဖွေရေးတွင်းအမှတ် အောင်သခ်-၂ ကို တွင်းတူးစက် West Juno ဖြင့် ၂၀၁၁ ခုနှစ် မတ် ၂၆ ရက်မှ စတင်တူးဖော်ခဲ့ရာ ရည်မှန်းချက်သို့ မေ ၅ ရက်တွင် ရောက်ရှိခဲ့ပြီး အနက် ပေ ၉၀၀၀ ကျော်ရှိ ထုံးကျောက်လွှာများကို သေနတ်ဖောက် စမ်းသပ်ခဲ့သည်။

စမ်းသပ်မှုအရ ရေနံနှင့် သဘာဝဓာတ်ငွေ့ အများအပြား ခိုအောင်းနေကြောင်း တွေ့ရှိရသဖြင့် မီးရှို့စမ်းသပ်ခြင်း အခမ်းအနားကို မေ ၉ ရက်တွင် အဆိုပါ တွင်းတူးစက်ပေါ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ထူးနှင့် တာဝန်ရှိသူများ၊ PTTEPI ကုမ္ပဏီမှ စီမံကိန်း General Manager, Mr.Kanok Intharawijitr နှင့် တာဝန်ရှိသူများတက်ရောက်ကြရာ တွင်းတူးစက် ရှင်းလင်းဆောင်၌ PTTEPI ကုမ္ပဏီမှ စီမံကိန်းမန်နေဂျာနှင့် တူးဖော်ရေးမန်နေဂျာတို့က တွင်းအမှတ် အောင်သခ်-၂ တူးဖော်ခဲ့မှု အခြေအနေ၊ တွေ့ရှိရသော မြေအောက်ဘူမိဗေဒအနေအထားများနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သော အလားအလာများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက တွေ့ရှိထားသော ရေနံနှင့် သဘာဝဓာတ်ငွေ့ Reserve ကို ပိုမိုခိုင်မာစွာ အတည်ပြုနိုင်ရေး ဆောင်ရွက်ရန်၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဝန်ကြီးဌာနသို့ အမြန်တင်ပြရန်နှင့် လုပ်ငန်းများကို တစ်ဆက်တည်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တွင်းအမှတ် အောင်သခ်-၂ ၏ သဘာဝဓာတ်ငွေ့ မီးရှို့စမ်းသပ်မှုကို ထုတ်လုပ်ရေး Valve အား ဖွင့်၍ အောင်မြင်စွာ မီးရှို့စမ်းသပ်ပေးကြသည်။ **(အပေါ်ပုံ)**

စမ်းသပ်ချက်များအရ အောင်သခ်-၂ ရှာဖွေရေးတွင်းမှ တစ်နေ့လျှင် လေဆီ ၁၅၄ စည်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၂၅ ဒသမ ၈ သန်း ထွက်ရှိကြောင်း တွေ့ရှိရသည်။ လုပ်ကွက်အမှတ် M-3 ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ခိုအောင်းနေသော ပမာဏကိုသိရှိနိုင်ရန်အတွက် သုံးဖက်မြင် ဆိုက်စမစ်တိုင်းတာရေး၊ ရှာဖွေရေးတွင်းနှင့် အကဲဖြတ်တွင်းများ ဆက်လက်တူးဖော်ရေးကို ဆောင်ရွက်လျက်ရှိသည်။

လုပ်ကွက် M-3 သည် ရန်ကုန်မြို့နှင့် အနီးဆုံးလုပ်ကွက်ဖြစ်ပြီး ကမ်းခြေနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသဖြင့် ပြည်တွင်းသုံးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် လျင်မြန်စွာဆောင်ရွက်နိုင်မည့် အနေအထားရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်းလမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မေ ၇ ရက်တွင် ရန်ကုန်-ပြည်လမ်း B.O.T လမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး မင်းလှ-စိန်ကန့်လန့်- မြို့ချောင်းလမ်းပိုင်း ရှင်းလင်းဆောင်၌ လမ်းပိုင်းကို ရာသီမရွေး သွားလာနိုင်ရေး၊ လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ကျောက်စုဆောင်းပြီး ကျောက်ခင်းလမ်း အမြန်ပြီးစီးအောင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားကာ မိုင်တိုင်အမှတ် (၇၇/၇)တွင် စက်ယန္တရားများဖြင့် တံတားချဉ်းကပ်လမ်း၏ မြေကြီးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် မေ ၈ ရက် နံနက် ၉ နာရီတွင် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်းလမ်း မိုင်တိုင်အမှတ် (၂၂/၃)နှင့် (၂၉/၀)တို့၌ စက်ယန္တရားများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အရှည်ပေ ၂၇၀ ရှိ ဆောင်ရွက်ဆဲ မြို့ချောင်းတံတား လုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ အဆိုပါလမ်းပေါ်တွင် တည်ဆောက်မည့် အရှည်ပေ ၃၆၀ ရှိ ရဲနွယ်တံတား တည်ဆောက်ရန် အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းစတင်ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန် လှည်းကူးမြို့နယ် မြေစာရင်းဦးစီးဌာန ကွင်းဝန်ထမ်းများနှင့် တွေ့ဆုံ၍ မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧရိယာ မှန်ကန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မေ ၇ ရက်က ရှင်းလင်းပြောကြားစဉ်။

(မြေစာရင်း)

စည်းကမ်းရှိမှတိုးတက်မည် ဆောင်ပုဒ်အတိုင်း လိုက်နာကျင့်ကြံ အားကစားတိုးတက်ရေး ရေတိုရေရှည်စီမံချက် ချမှတ်ဆောင်ရွက်

နေပြည်တော် မေ ၁၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက စည်းကမ်းရှိမှ တိုးတက်မည်ဆိုသည့် ဆောင်ပုဒ်အတိုင်း လိုက်နာကျင့်ကြံပြီး အားကစားသမားများအနေဖြင့် နည်းစနစ်မှန်မှန်၊ ပြင်းပြင်းထန်ထန် လေ့ကျင့်သွားရန်၊ နိုင်ငံတကာအဖွဲ့ချုပ်များနှင့် မျက်ခြည်မပြတ်ဆက်သွယ်နိုင်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ထားရန်၊ မိမိတို့ အားကစားအဖွဲ့ချုပ်အလိုက် အားကစားတိုးတက်ရေး ရေတိုရေရှည် စီမံချက်များ ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံအလေးမ၊ လက်ဝှေ့၊ စားပွဲတင် တင်းနစ်၊ ဂျူဒို၊ ဝူရှူး၊ ရေကူး၊ ကြက်တောင်၊ တင်းနစ်အားကစားအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများအား နေပြည်တော် အားကစားဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌တွေ့ဆုံစဉ် (၂၆)ကြိမ်မြောက်နှင့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် စခန်းသွင်းလေ့ကျင့်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်(၈)ခုတို့မှ ဥက္ကဋ္ဌများက အဖွဲ့ချုပ်များအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက အားကစားအကြို လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ထားရှိမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း မြန်မာနိုင်ငံ အလေးမ၊ လက်ဝှေ့၊ စားပွဲတင်တင်းနစ်၊ ဂျူဒို၊ ဝူရှူး၊ ရေကူး၊ ကြက်တောင်၊ တင်းနစ်အားကစား အဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) ဌာနေညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ် Mr. Carlos Alberto Veloso လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် ဌာနေညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ် တွေ့ဆုံ

နေပြည်တော် မေ ၁၁

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) ဌာနေညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ် Mr. Carlos Alberto Veloso သည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အနာဂတ်ကာလတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း စားနပ်ရိက္ခာများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပိုမိုနီးကပ်စွာနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအမံများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာ သတင်းများ



ဖိလစ်ပိုင်နိုင်ငံ မာကာတီမြို့၌ ရေလွှမ်းမိုးလျက်ရှိသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကြိုတင်ဟောကိန်းအတိုင်း အီတလီ၌ ငလျင်များလှုပ် အပျက်အစီးနှင့် လူသေပျောက်မှုမရှိ

ရောမ မေ ၁၁

အီတလီနိုင်ငံ၌ မေ ၁၁ ရက်တွင် ငလျင် ၂၂ ကြိမ်ကျော်မျှ လှုပ်ခတ်ခဲ့သော်လည်း ကွယ်လွန်သွားပြီဖြစ်သည့် သိပ္ပံပညာရှင်တစ်ဦးဟောကိန်းထုတ်ထားသကဲ့သို့ အဖျက်စွမ်းအားကြီးမားသည့် ငလျင်မျိုးမပါဝင်ကြောင်း သတင်းများတွင်ဖော်ပြထားသည်။

၂၀၁၁ ခုနှစ် မေ ၁၁ ရက်တွင် အင်အားပြင်းငလျင် တစ်ခု လှုပ်ခတ်မှုကို ရောမမြို့တော် ခံစားရမည်ဟူသော ဟောကိန်းတစ်ရပ်ကြောင့် ရောမမြို့သားများအကြား ချောက်ချားမှုဖြစ်ပေါ်ခဲ့ရပြီး အချို့မှာ မြို့ကိုစွန့်ခွာ ရှောင်တိမ်းခဲ့ကြောင်း သိရသည်။

၁၉၇၉ ခုနှစ်တွင် သေဆုံးခဲ့ရပြီဖြစ်သော ငလျင်နှင့် နက္ခတ္တဗေဒပညာရှင် ရာဖေးဘင်ဒန်ဒီက မေ ၁၁ ရက် ငလျင်ဟောကိန်းကို ကြိုထုတ်ခဲ့သည်ဟုဆိုသည်။

ယနေ့မွန်းလွဲပိုင်း၌ လှုပ်ခတ်ခဲ့သော ငလျင် ၂၂ ခုအနက် အင်အားအပြင်းဆုံးငလျင်များမှာ ရစ်ချ်တာစကေး ၂ ဒသမ ၆၊ ၂ ဒသမ ၉ နှင့် ၃ ဒသမ ၂ များသာရှိပြီး ရောမမြို့ရှိ စတိုးဆိုင်များ ရှေ့မှန်များကွဲကြေရုံမှတစ်ပါး အပျက်အစီး ကြီးကြီးမားမား မရှိဟု သိရသည်။

အင်တာနက်။

ဖိလစ်ပိုင်တွင် အပူပိုင်းမုန်တိုင်း တိုက်ခတ်၊ လူ ၂၄ ဦးသေဆုံး

မနီလာ မေ ၁၁

ဖိလစ်ပိုင်နိုင်ငံတွင် မေ ၈ ရက်မှ မေ ၁၁ ရက်အထိ အပူပိုင်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ လေးရက်အတွင်း သေဆုံးသူ ၂၄ဦးအထိရှိပြီး ဒဏ်ရာရသူ ခြောက်ဦး၊ ပျောက်ဆုံးသူ နှစ်ဦးရှိကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြန်ကြားရေးဌာနက ပြောကြားသည်။

အဆိုပါမုန်တိုင်းကို "အေရီ" ဟု အမည်ပေးထားကြောင်း၊ မေ ၈ရက်က မုန်တိုင်း စတင်ဝင်ရောက်ခဲ့ပြီး တစ်နာရီလျှင် လေတိုက်ခတ်နှုန်း ကီလိုမီတာ ၈၀ (၄၉ ဒသမ ၇မိုင်)နှုန်း ရှိကြောင်း၊ လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ရေလွှမ်းမိုးခြင်း၊ မြေပြိုခြင်းများဖြစ်ပေါ်ခဲ့ကြောင်း သတင်းတွင် ပါရှိသည်။

မုန်တိုင်းကြောင့် အသံလွှင့်တာဝါတိုင်များ ပြိုလဲခြင်း၊ သစ်ပင်များ အမြစ်မှကျွတ်ထွက်ခြင်း၊ မိုဘိုင်းဖုန်းလိုင်းများ ပြတ်တောက်ခြင်း၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

အေရီမုန်တိုင်းကြောင့် ဖိလစ်ပိုင်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန် ဒေါ်လာ ၂၁ ဒသမ ၇ သန်းဖိုး ဆုံးရှုံးရသည်ဟု ခန့်မှန်းရပြီး ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းမှ အဓိကကျွန်းမကြီးဖြစ်သော လူဇုန်ကျွန်းရှိ ဒေသခံပြည်သူ ၇၀၀၀၀ ကျော်မှာ အိုးအိမ်များကိုစွန့်ခွာ၍ ဘေးလွတ်ရာသို့ ရှောင်တိမ်းထွက်ပြေးခဲ့ရသည်။ မနီလာလေဆိပ်နှင့် အခြားလေဆိပ်များတွင်လည်း ခရီးသည်များ ခရီးမဆက်နိုင်ဘဲ ကြန့်ကြာနေရကြောင်း သတင်း၌ရေးသားဖော်ပြသည်။

အဆိုပါ အပူပိုင်းမုန်တိုင်းသည် ဖိလစ်ပိုင်မြောက်ပိုင်းမှ ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းဘက်သို့ ဦးတည်ရွေ့လျားနေကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဝက်ဝံသည်းခြေ တရားမဝင်ရောင်းဝယ်မှုအား တားမြစ်ရန် အာရှနိုင်ငံများ ပျက်ကွက်

ကွာလာလမ်ပူ မေ ၁၁

သက်ရှိတိရစ္ဆာန်များမှ ထုတ်ယူရရှိသော ရိုးရာပရဆေးဈေးကွက် ပိုမိုကျယ်ပြန့်လာသည်နှင့်အမျှ ဝက်ဝံသည်းခြေများကို နယ်စပ်ဖြတ်ကျော်ရောင်းဝယ်သည့် မှောင်ခိုလုပ်ငန်းများလည်း ပိုမိုတိုးမြင့်ဖြစ်ပေါ်လျက်ရှိရာ ယင်းကိစ္စကိုတားဆီးရန် အာရှနိုင်ငံများအနေဖြင့် ပျက်ကွက်ခဲ့ကြောင်း မှောင်ခိုလုပ်ငန်းတားဆီးရေးအဖွဲ့တစ်ဖွဲ့က ယနေ့ပြောကြားသည်။

တိရစ္ဆာန်များ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းများကိုအမှီပြုသော ရိုးရာပရဆေးမှောင်ခိုရောင်းဝယ်မှုများသည် အာရှဒေသအတွင်းရှိ ဝက်ဝံများ၏ နေထိုင်ကျက်စားမှုကို အဓိကခြိမ်းခြောက်နေသည့်အန္တရာယ်တစ်ရပ် ဖြစ်လာကြောင်း သိရသည်။

ရိုးရာပရဆေး မှောင်ခိုဈေးကွက်ကြောင့်လည်းကောင်း၊ အမဲလိုက်သတ်ဖြတ်မှုများကြောင့် လည်းကောင်း အာရှဝက်ဝံနက်များ၏ ကောင်ရေသည် မကြာသေးမီနှစ်များအတွင်းက ၂၅၀၀၀ အထိ ကျဆင်းခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။ ဝက်ဝံများ၏ သည်းခြေအိတ်မှရရှိသော အစာခြေရည်များကို အာရှတစ်ဝန်း၌ ရာစုနှစ်ပေါင်းများစွာကပင် ပရဆေးဝါးအဖြစ် အသုံးပြုခဲ့ကြသည်။

ဝက်ဝံ သည်းခြေအိတ်များ၏ ဈေးကွက်လိုအပ်ချက်ကြီးမားလာမှု သည် ဝက်ဝံသတ္တဝါတို့၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများ တရားမဝင်ရောင်းဝယ်ရေးဈေးကွက် ကျယ်ပြန့်လာစေရန် တွန်းအားပေးလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

အာရှနိုင်ငံများမှ ရိုးရာပရဆေးရောင်းချသော ဆေးဆိုင် ၅၀ ရာခိုင်နှုန်းကျော်သည် ဝက်ဝံ သည်းခြေဆေးတောင့်၊ ဆေးမှုန့်နှင့် အဆီများကို လွန်ခဲ့သည့်နှစ်က ဆိုင်တင်ရောင်းချခဲ့ကြကြောင်း သုတေသနပညာရှင်တို့က ပြောကြားသည်။

ရှားပါးတိရစ္ဆာန်များ ကုန်သွယ်ရောင်းဝယ်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းက ဝက်ဝံသည်းခြေများ နယ်စပ်ဖြတ်ကျော်မှောင်ခိုရောင်းဝယ်မှုကို တားမြစ်ထားသည်။

အင်တာနက်။

ဒူဘိုင်းရှိ ကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံပေါ်မှ လူတစ်ဦးခုန်ချကာ သေကြောင်းကြံစည်

ဒူဘိုင်း မေ ၁၁

ဒူဘိုင်းမြို့ရှိ ကမ္ဘာ့အမြင့်ဆုံးမိုးမျှော်အဆောက်အအုံပေါ်မှ လူတစ်ဦးခုန်ချကာ သေကြောင်းကြံစည်ခဲ့ကြောင်း ယင်းအဆောက်အအုံပိုင်ရှင်၏ ပြောကြားချက်အရ သိရှိရသည်။

ယင်းသို့သေကြောင်းကြံစည်သူမှာ အသက် (၂၀)ကျော်အရွယ်ရှိ အမျိုးသားတစ်ဦးဖြစ်ပြီး အဆောက်အအုံ၏အထပ် ၁၄၀ (မြေ ပြင်အထက် ၂၇၁၇ပေ) အမြင့်မှ ခုန်ချခြင်းဖြစ်ကာ အဆောက်အအုံ၏ ၁၀၈ ထပ်မြောက်၏ အမိုးလေသာဆောင်ပေါ်သို့ ကျခဲ့သည်ဟု ဒေသခံမီဒီယာက ဖော်ပြသည်။

အဆောက်အအုံပိုင်ရှင် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ အခြေစိုက် အင်မာကုမ္ပဏီက အင်္ဂါနေ့နံနက်ပိုင်းတွင် အမျိုးသားတစ်ဦး မတော်တဆမှု ဖြစ်ခဲ့ကြောင်း သီးခြား အတည်ပြုပြောကြားခဲ့သည်။ ၂၀၁၀ ခုနှစ် ဇန်နဝါရီလတွင် ဖွင့်လှစ်ခဲ့သော ခါလီဖာမျှော်စင်အမည်ရှိ ယင်းအဆောက်အအုံ၌ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှု ပထမဆုံးအကြိမ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်မှုဟု အတည်ပြုခဲ့သော်လည်း မိမိတို့အနေဖြင့် နောက်ဆုံးအစီရင်ခံစာများကို စောင့်ဆိုင်းနေဆဲဖြစ်သည်ဟု အဆောက်အအုံပိုင်ရှင်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါအမျိုးသားသည် သေကြောင်းကြံစည်မှုမပြုမီ ၎င်း၏အလုပ်ရှင်နှင့် အချင်းများခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အင်တာနက်။

သည်းခြေအိတ် ထုတ်ယူရန် ဖမ်းဆီးခံထား ရသော ဝက်ဝံ တစ်ကောင် ကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ တစ်နေရာ၌ တွေ့ရစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ကိုရီးယားသမ္မတနိုင်ငံမှ အထူးသံတမန် လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၁

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ကိုရီးယားသမ္မတနိုင်ငံမှ အထူးသံတမန် H.E. Mr.SHIN Bong-Kill သည် ယနေ့နံနက် ၁၁ နာရီတွင် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာ၌ လာမည့် ၂၀၁၂ ခုနှစ်အတွင်း ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများ၏ (၁၈)ကြိမ်မြောက် ညီလာခံကို ကိုရီးယားသမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးနှင့် ကိုရီးယားသမ္မတနိုင်ငံ၏ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေသော ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနနှင့် ပူးပေါင်းပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အလားအလာတို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝက်နားရွက်ပြာရောဂါ ကာကွယ်ထိန်းချုပ်ရေး ဒုတိယဝန်ကြီး လှည့်လည်ဆွေးနွေး

နေပြည်တော် မေ ၁၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် မေ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံး၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံ ဝက်မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဝက်နားရွက်ပြာရောဂါ ကာကွယ်ကုသရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ ထိုင်းနိုင်ငံ Chulalongkorn University, Department of Veterinary Pathology မှ ပါမောက္ခ Professor Dr. Roongroje Thanawongnuwech နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သိန်းတို့က ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ညနေပိုင်းတွင် ညောင်လေးပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ လည်းကောင်း၊ ဒိုက်ဦးမြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ လည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံဝက်မွေးမြူရေးလုပ်ငန်းရှင်များ၊ ဝက်ဝယ်ယူရောင်းချသူများနှင့် တွေ့ဆုံကာ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ဇီဝလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ဒေသတွင်း ရောဂါဖြစ်ပွားပါက သတင်းအမြန်ရရှိရေး၊ ဝက်များအား ရောဂါမပြန့်ပွားစေရေးအတွက် ယာယီအားဖြင့် တစ်နေရာမှတစ်နေရာသို့ သယ်ဆောင်မှုထိန်းချုပ်ရေးနှင့် ဝက်နားရွက်ပြာရောဂါ ကာကွယ်ကုသရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖျာပုံခရိုင်နှင့် မအူပင်ခရိုင်အတွင်း ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် မေ ၅ ရက် နံနက် ၉ နာရီတွင် ကျိုက်လတ်မြို့ ရွှေရတု (ပြည်ထောင်စု) ဧည့်ရိပ်သာ၌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဆန်စပါး ထုတ်လုပ်သူများနှင့်တွေ့ဆုံပြီး စပါးအထွက်နှုန်း တိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ဒေးဒရဲမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး မြို့နယ်ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေကြသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဖျာပုံ-ကျုံကဒွန်း-အမာလမ်းနှင့် ဖျာပုံ-ကျုံကဒွန်း-စက်ဆန်းလမ်းများ ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၆ ရက် နံနက်ပိုင်းတွင် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း ဖောက်လုပ်ရေးစီမံကိန်းနှင့် ဘိုကလေးမြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဘိုကလေးမြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ဘိုကလေးမြစ် တစ်ဖက်ကမ်းရှိ ဘိုကလေး-ကြိမ်ချောင်း- ကဒုံကနိလမ်းဖောက်လုပ်ရေး စီမံကိန်းနှင့် ဘိုကလေးမြို့ရှိ အောင်သိဒ္ဓိနှင့် အောင်ရတနာသန်းပေါင်းဆန်အဆင့်မြင့်ဆန်စက်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့ပြည်သူ့ဆေးရုံ (ဟောင်း)၌ ဘိုကလေးမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် IOMတို့ ပူးပေါင်းဖွင့်လှစ်သော လူထုကျန်းမာရေးလုပ်သားသင်တန်းအပတ်စဉ်(၃)နှင့် အခြေခံ အရန်သားဖွားသင်တန်း၊ အရန်သားဖွားမွမ်းမံသင်တန်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေနှင့် ဘိုကလေးမြို့ ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးကာ ဆေးကုသမှုခံယူနေကြသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။ ဆက်လက်၍ ဘိုကလေးမြို့ ဘိုးဘွားချမ်းမြေ့ဓမ္မရိပ်သာ ဘိုးဘွားရိပ်သာအတွင်းရှိ အိပ်ဆောင်များ၊ စားသောက်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၈ ရက် နံနက်ပိုင်းတွင် ကျိုက်လတ်မြို့ ရွှေရာအောင်ခန်းမ၌ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု လယ်ယာကုန်ထုတ်အသင်းများမှ စိုက်ပျိုးမည့်မိုးစပါး ဧက ၁၀၀၀ စိုက်ခင်း၌ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မအူပင်မြို့နယ် ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက် စီမံကိန်း အမှတ်(၁) လမ်းမကြီးဖြစ်သော မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်း လမ်းပြုပြင် ဖောက်လုပ်နေမှုနှင့် လမ်းပေါ်ရှိတံတားများ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာအုပ်စု ထွန်းသစ်အောင်လယ်ယာကုန်ထုတ်အသင်း ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ဆွေးနွေးမှာကြားကာ ထွန်စက်များဖြင့် မိုးစပါးစိုက်ပျိုးရန် မြေပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံပြီး မအူပင်မြို့ခရိုင် ခုတင် (၂၀၀) ဆံ့ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော လူနာများအား လှည့်လည်ကြည့်ရှုကာ ထောက်ပံ့ငွေများ ပေးအပ်၍ ထာဝရဆေးပဒေသာပင် လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့က အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းပြီး အလှူရှင်များ၏ လှူဒါန်းသော ဆေးပဒေသာပင် ငွေကျပ် ၁၄၉ သိန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက လက်ခံခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် မအူပင်- ရေလဲကလေး- ရွှေတောင်မှော်-ကျိုက်ပိ- မော်လမြိုင်ကျွန်းလမ်းပေါ်ရှိ တံတားများ အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၅-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၂၀ ၈။ အဆိုပြိုင်ပွဲ
၈း၃၀ ၉။ အကပဒေသာ
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄း၃၀ ၄။ အတီးပြိုင်ပွဲ
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၅ ၇။ ရောင်စုံရေးသီ တေးပန်းချီ
၅း၂၀ ၈။ "သုံးပင်နှစ်ဆယ်"
၅း၃၀ ၉။ "သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်"
၅း၄၅ ၁၀။ "အက္ခရာများကပြောသော စကား"
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ **ပျော်ရွှင်စေသောနေ့ရက်များ "အချစ်ကော်ဖီ" (အပိုင်း-၅၀) (ကိုလင်း၊ ကိုရဲ၊ ရဲရဲယု၊ ယုဇနဗိုလ်မြင့်၊ ပိုးပိုး၊ ဝက်မ) (ဒါရိုက်တာ- အောင်ကျော်သူရ)**
၆း၄၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ) (အပိုင်း-၃၁)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ "အစာလည်းဆေး၊ ဆေးလည်းအစာ"
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ထူးခြားသောမိသားစု" (အပိုင်း-၁၅)**
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၅၈)**
၂၂။ အစီအစဉ်ပြီး၏။

KMD ကွန်ပျူတာ အထူးဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် မေ ၁၁

မိခင်များနေ့ အထိမ်းအမှတ် ကွန်ပျူတာ Special Sales ကို မေ ၁၃ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ KMD Sales & Centre တိုင်း၌ ကျင်းပသွားမည်ဖြစ်ရာ အထူးဈေးရောင်းပွဲတော်ကာလ သုံးရက်အတွင်း KMD Sales Centre (ပန်းဆိုးတန်းဆိုင်ခွဲ) တွင် 4GB Pen Drive ကို ကျပ် ၂၅၀၀ တည်းဖြင့် အရေအတွက်ကန့်သတ်ကာ မွန်းလွဲ ၁ နာရီ၌ မဲနှိုက်ရောင်းချသွားမည်ဖြစ်ပြီး ညနေ ၄ နာရီတွင် warranty တစ်နှစ်ပါရှိသော ကျပ် ငါးသိန်းတန် Acer 4738G Core i3 Notebook (with Graphic)ကို ကြမ်းခင်းဈေး နှစ်သိန်းဖြင့်စ၍ နေ့စဉ်လေလံတင်ရောင်းချသွားမည် ဖြစ်သည်။ နုတ်ဘုတ် တစ်လုံးလည်း မရှိမဖြစ် လိုအပ်တယ်၊ ဈေးနှုန်းအချိုသာဆုံးလည်း ဖြစ်ရမယ်ဆိုတဲ့ သူများအတွက် Prolink Notebook (P6200,2GB RAM, 500 GB HDD,DVD RW, 14" LCD Screen)ကို ငွေကျပ် ၃၅၅၀၀၀ တည်းဖြင့် ရောင်းချပေးမည့်အပြင် Canon Laserjet LBP 6000 Printer ကိုလည်း ငွေကျပ် ၉၂၀၀၀ တည်းဖြင့်သာ ရောင်းချပေးမည်ဖြစ်သည်။ ထို့အပြင် နုတ်ဘုတ် ဝယ်ယူသူများအတွက် Mouse, Keyboard Cover, Free Training Coupon, Notebook Case များကို လက်ဆောင်ပေးသွားမည့်အပြင် ကျပ် ၃၀၀၀ မှ ကျပ် ၁၅၀၀၀ တန် ဈေးဝယ်ကူပွန်များကိုလည်း ဗလာမပါ ကံစမ်းမဲကံစမ်းခွင့် နှစ်ကြိမ် ရရှိမည်ဖြစ်သည်။ Desktop PC ဝယ်ယူသူများနှင့် ကျပ်တစ်သိန်းဖိုးနှင့်အထက် ဝယ်ယူသူများကိုလည်း တန်ဖိုးကြီးဆုမဲများပါဝင်သော ဗလာမပါ ကံစမ်းမဲနှိုက်ပေးသွားမည်ဖြစ်သည်။

မိခင်များနေ့အထိမ်းအမှတ် အထူးဈေးရောင်းပွဲတော်နှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက KMD (Head Office) ဖုန်း-၂၄၅၁၈၀၊ ၃၈၅ ၁၇၇၊ KMD (မြေနီကုန်း) ဖုန်း-၅၀၃ ၅၁၁၊ ၅၀၃၅၂၂၊ KMD(ဘားလမ်း) ဖုန်း-၀၉-၈၃၀၃၇၇၈၊ ၀၉-၈၃၀၁၀၃၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အဆင့်မြင့်ဘူတာရုံ တည်ဆောက်မည်

ရန်ကုန် မေ ၁၁

ရန်ကုန်တိုင်းဒေသကြီး နည်းပညာတက္ကသိုလ်(လှိုင်သာယာ)အနီးတွင် အဆင့်မြင့် ဘူတာရုံတည်ဆောက်ရန် မြန်မာ့မီးရထားက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အဆင့်မြင့်ဘူတာရုံ၏ မြေနေရာပြုပြင်နေမှုများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် မော်လမြိုင်၊ ပဲခူး၊ ဂန့်ဂေါ၊ သာစည်နှင့် လှိုင်ကော်ဘူတာရုံများကဲ့သို့ အဆင့်မြင့်ဘူတာအဖြစ် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးထံမှ သိရှိရသည်။ (သတင်းစဉ်)

ပုဂ္ဂလိကစက်သုံးဆီဆိုင်အချို့ ၂၄ နာရီရောင်းချပေး

ရန်ကုန် မေ ၁၁

နိုင်ငံတော်အစိုးရက ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လုပ်ကိုင်ခွင့်ပြုခဲ့သော ပုဂ္ဂလိကစက်သုံးဆီဆိုင်အချို့သည် ဧပြီလအတွင်းမှစ၍ ၂၄ နာရီ ဖွင့်လှစ်လာကြောင်း ကောင်းဇော်ဟိန်း စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၀၁)မှ သိရသည်။

ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များသည် ဓာတ်ဆီတစ်ဂါလန် ၂၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၄၂၀၀ ကျပ်နှင့် အောက်တိန်းတစ်ဂါလန် ၄၂၀၀ ကျပ် ရောင်းချပေးနေပြီး ဓာတ်ဆီကို နေ့စဉ်ရောင်းချပေးနိုင်မည့် ပမာဏပေါ်မူတည်၍ ဆီဝယ်စာအုပ်ဖြင့် မော်တော်ယာဉ်တစ်စီးလျှင် တစ်နေ့ နှစ်ဂါလန်နှုန်းဖြင့် ရောင်းချပေးကာ ကြိုတင်ဝယ်ယူလိုသူများအတွက်ကို အများဆုံး လေးရက်စာအထိ ကြိုတင်ရောင်းချပေးလျက်ရှိသည်။ ဒီဇယ်နှင့် အောက်တိန်းကိုမူ လိုအပ်သလောက် ရောင်းချပေးသည်။ စက်သုံးဆီအရောင်းဆိုင်အများစုသည် ပုံမှန်အားဖြင့် နံနက် ၆ နာရီမှ ညပိုင်းအထိသာ ဖွင့်လှစ်လျက်ရှိကြကြောင်း သိရသည်။

(သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် ရေငန်ငါး၊ ပုစွန်မျိုးစိုက်ထည့်ခြင်းနှင့် သူနာပြု သင်တန်းသား၊ သင်တန်းသူများ ဦးဆောင်းနှင့်ကုတ်အင်္ကျီပေးအပ်ပွဲ တက်ရောက်

နေပြည်တော် မေ ၁၁

တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ရေငန်ငါး၊ပုစွန်မျိုးစိုက်ထည့်ခြင်းအခမ်းအနားကို မေ ၁၀ ရက် နံနက် ၈ နာရီတွင် ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ဆင်ဖြူပြင်ဆိပ်ကမ်းဗောတံတား၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် တက်ရောက်၍ ဆွေးနွေးမှာကြားရာတွင် တနင်္သာရီတိုင်းဒေသကြီး၏ GDP တွင် သားငါးကဏ္ဍသည် ၃၉ ဒသမ ၉ ရာခိုင်နှုန်း ပါဝင်ကြောင်း၊ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီးတစ်ခုလုံးအတွက် ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှုလျာထားချက်အပေါ် ၁၁၈ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့သည့်အတွက် ကြိုးပမ်းလုပ်ကိုင်ပေးကြသည့် ရေလုပ်ငန်းရှင်များအား ကျေးဇူးအထူးတင်ပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် သူနာပြုသင်တန်းသား၊ သင်တန်းသူများ၏ ဦးဆောင်းနှင့် ကုတ်အင်္ကျီ ပေးအပ်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရေသယံဇာတများ လျော့နည်းမျိုးသုဉ်းမှုမရှိစေရန် ဂေဟစနစ်ကြီးထဲတွင် ပါဝင်နေသော သဘာဝပတ်ဝန်းကျင်ဖြစ်သည့် ဒီရေတောများ၊ သန္တာကျောက်တန်းများ၊ ပင်လယ်မြက်ခင်းများ၊ ကျွန်းများကို ထိန်းသိမ်းသွားကြရန်ဖြစ်ကြောင်း၊ ငါးသယံဇာတ ရှားပါးမျိုးသုဉ်းမှုကို ကာကွယ်နိုင်ရန်နှင့် ငါးထုတ်လုပ်မှု တိုးတက်ရရှိစေရန် ရည်ရွယ်၍ ငါး၊ ပုစွန်သားပေါက်များကို သဘာဝရေပြင်တွင် ယခုကဲ့သို့ မျိုးစိုက်ထည့်ပေးခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီး၏ ရေထွက်ကုန်များ နိုင်ငံတကာဈေးကွက်ဝင်အောင် ကြံစည်ကြိုးစားသွားကြရန်လိုကြောင်း၊ ငါးသယံဇာတမျိုးသုဉ်းရှားပါးမှုဖြစ်မလာအောင် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းသွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ရေငန်ငါး ကကတစ် ကောင်ရေ တစ်သိန်းနှင့် ပုစွန်သားပေါက်ကောင်ရေ နှစ်သိန်းတို့ကို သဘာဝရေပြင်သို့ မျိုးစိုက်ထည့်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နံနက် ၁၀ နာရီတွင် ထားဝယ်မြို့ သူနာပြုသင်တန်းကျောင်း၌ကျင်းပသည့် အမှတ်စဉ်(၁၈) ၂၀၁၀-၂၀၁၃ ပညာသင်နှစ် သူနာပြုသင်တန်းသား၊ သင်တန်းသူများ၏ ဦးဆောင်းနှင့် ကုတ်အင်္ကျီပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ကျောင်းအုပ် ဒေါ်သင်းသင်းလှိုင်က အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်နှင့် တာဝန်ရှိသူများက အပတ်စဉ်(၁၈) သူနာပြု သင်တန်းသား၊ သင်တန်းသူ ၄၇ ဦးတို့အား ဦးဆောင်းနှင့် ကုတ်အင်္ကျီများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒုတိယနှစ် (အတန်းတင်) စာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား လည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်က ပထမနှစ်(အတန်းတင်) စာမေးပွဲတွင် ထူးချွန်ဆုရသူများအား လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က တတိယနှစ်(နှစ်ဝက်)၊ ဒုတိယနှစ် (နှစ်ဝက်)နှင့် ပထမနှစ်(နှစ်ဝက်) စာမေးပွဲတို့တွင် ထူးချွန်ဆု ရရှိကြသူများအား လည်းကောင်း ဆုများချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Ms. Maria Hellen M. Barber လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ဖိလစ်ပိုင်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၁

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Ms. Maria Hellen M. Barber သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံပြည်ပအလုပ်အကိုင်ဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ ဟောပြောပွဲ

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဒုတိယဥက္ကဋ္ဌ အငြိမ်းစားပါမောက္ခချုပ် ဦးမော်သန်းက "Building Trust, Creativity & Innovativeness" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို မေ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အမှတ် (၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်သည်။ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက် ရရှိမည်ဖြစ်ပြီး ဟောပြောပွဲ တက်ရောက်ရန်အတွက် မေ ၂၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ် (၁/၁၉)သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်သည်။ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် နယ်မှလာရောက်သူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရသည်။ (ကြေးမုံ)

ဆကာကြီးအသင်း သက်ကြီးပူဇော်

ရန်ကုန် မေ ၁၁

ဆကာကြီးအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ဂုဏ်ပြုပေးအပ်ပွဲအခမ်းအနားကို မေ ၃ ရက် နံနက် ၈ နာရီက ဆကာကြီးမြို့ အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ ဆကာကြီးအသင်း(ရန်ကုန်)အတွင်းရေးမှူး ဦးအေးကြူ(ဆကာကြီးအေးကြူ)နှင့် အသင်းတိုက်ဖြစ်မြောက်ရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မိုးဇော်(ရွှေဘုန်းပွင့်)တို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အသက်(၈၀)နှင့်အထက် ဘိုးဘွား ၃၀ တို့အား အလှူငွေများ ပေးအပ်ကြပြီး**(အောက်ပုံ)** ရှိခိုးကန်တော့ကြသည်။ ဆက်လက်၍ ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ဆကာကြီး အထကမှ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ ၁၇ ဦးအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြောင်းသိရသည်။ (ကြေးမုံ)

YSL Welding Supply ညစာစားပွဲ ကျင်းပ

ရန်ကုန် မေ ၁၁

YSL Welding Supply ကုမ္ပဏီနှင့် ထိုင်းနိုင်ငံအခြေစိုက် Thai - Kobe Welding Co.,Ltd. တို့ ပူးပေါင်း၍ မေ ၈ ရက်က ကုန်သည်ကြီးများဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲ ကျင်းပရာ မြန်မာကုမ္ပဏီမှ ဒါရိုက်တာ ဦးခင်မောင်ဦး **(အပေါ်ပုံ)** နှင့် ထိုင်းကုမ္ပဏီဥက္ကဋ္ဌ Mr. Ryo Takashina တို့က နှုတ်ဆက်စကား ပြောကြားသည်။

YSL Welding Supply ကုမ္ပဏီသည် Thai-Kobe Welding Co.,Ltd. နှင့် Kobe Mig Wire (Thailand) Co., Ltd. တို့မှ ထုတ်လုပ်သော Kobelco အမှတ်တံဆိပ် ဝရိန်ချောင်းနှင့် ဆက်စပ်ပစ္စည်းများကို မြန်မာပြည် တစ်ဦးတည်းကိုယ်စားလှယ်အနေဖြင့် တင်သွင်း၍ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ချိလျက်ရှိသည်။

အဆိုပါ ကုမ္ပဏီတို့သည် အရည်အသွေးမြင့်မားသော welding electrodes and comsumables ပစ္စည်းများကို ခေတ်မီအဆင့်မြင့် နည်းပညာဖြင့် ထုတ်လုပ်လျက်ရှိပြီး ISO 9001 နှင့် ISO 14001 လက်မှတ်များ ရရှိထားကာ ပစ္စည်းများကို ဝယ်ယူသုံးစွဲသည့် ဌာနများ၊ လုပ်ငန်းရှင်များအတွက် welding နည်းပညာ နှီးနှောဖလှယ်ပွဲများ၊ ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိရာ YSL Welding Supply Ltd.(၁၀၆) (၅၂)လမ်း ပုဇွန်တောင်မြို့နယ် ဖုန်း-၂၀၂၃၂၄၊ ၇၀၀၇၃၂နှင့် ၀၁၁-၂၉၀၄၁၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

သန်လျင်မြို့နယ်လုံးဆိုင်ရာ ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်လုံးဆိုင်ရာ (၆၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကဆုန်လပြည့်နေ့တွင် သန်လျင်မြို့ သာသနာ့ဗိမ္မာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

သို့ဖြစ်၍ ရပ်နီးရပ်ဝေးမှ အလှူရှင်များအနေဖြင့် ပွဲတော်ကျင်းပရေးကော်မတီ သာသနာ့ဗိမ္မာန် ဖုန်း-၀၅၆-၂၂၀၁၄ နှင့် ၀၅၆-၂၂၀၁၅ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။ (၅၂၇)

စာပေဗိမာန်ထုတ် သုတပဒေသာစာစောင်ဖြန့်ချိ

ရန်ကုန် မေ ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၁၁ ခုနှစ် မေလထုတ် သုတပဒေသာစာစောင် အတွဲ(၃၈) အမှတ်(၅)ကို ဘာသာပြန်စာပေ စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၈၀၀ နှုန်းဖြင့် နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန် အရောင်းဌာန အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများ ထစ်ချုန်းမည်

နေပြည်တော် မေ ၁၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်မှ ၇ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့နှင့် မကွေးမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မော်လမြိုင်မြို့တွင် ၃ ဒသမ ၈၂ လက်မ၊ ကျိုက္ခမီရောမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ဘီးလင်းမြို့နှင့် ညောင်လေးပင်မြို့တို့တွင် ၃ ဒသမ ၁၁ လက်မစီ၊ ပြည်မြို့တွင် ၂ ဒသမ ၈၇ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ဇောင်းတူမြို့တွင် ၂ ဒသမ ၂၈ လက်မနှင့် ထားဝယ်မြို့တွင် ၂ ဒသမ ၁၆ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ်ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပြည်တွင်းအားကစားသတင်းများ

အမျိုးသားပတ်လည်ဟော်ကီပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်တို့ ပူးတွဲကျင်းပသည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသားပတ်လည် အမှတ်ပေး ဟော်ကီပြိုင်ပွဲကို ယနေ့ နေ့လယ်ပိုင်းက သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ ဆက်လက်ကျင်းပရာ ပထမပွဲစဉ်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဒုတိယပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက SMART YOUTH အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

(ယာပုံ) မေ ၁၂ ရက် နေ့လယ် နှစ်နာရီခွဲတွင် ကက(ရေ)နှင့် အင်းတိုင်လူငယ်၊ ညနေ ၄ နာရီတွင် ကက(လေ)နှင့် SKY WING အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (၁၉)

မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ မကွေးမြို့၌ ကျင်းပမည်

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၁၁ ခုနှစ် အဋ္ဌမအကြိမ်မြောက် အားကစားဝန်ကြီးဌာနဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ၊ (၃၇)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်တံခွန်စိုက်ဒိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် မြန်မာကိုင်ဒိုဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ပြိုင်ပွဲသုံးမျိုးကို မေ ၂၉ ရက်မှ ဇွန် ၄ ရက်အထိ မကွေးတိုင်းဒေသကြီး မကွေးမြို့ အားကစားပြိုင်ပွဲရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲများတွင် ပထမဆုငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုငွေကျပ် ၁၀ သိန်း၊ တတိယဆုငွေကျပ် ငါးသိန်းချီးမြှင့်မည့်အပြင် တစ်ဦးချင်းဆုတံဆိပ်များ၊ ဆုဖလားများနှင့် တက်သစ်စ အားကစားသမားဆုများကိုလည်း ချီးမြှင့်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာ့ရိုးရာ ခြင်းခတ်အသင်းများသည် မေ ၂၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲအောင် (ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း) ဖုန်း-၀၉-၂၀၀၂၆၈၈ နှင့် ၀၁-၃၉၂၄၂၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားတင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို ၂၀၁၁ ခုနှစ် မေ ၁၆ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်မည့်ပြိုင်ပွဲ အမျိုးအစားများမှာ အလွတ်တန်းပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများ (Mixed Doubles)၊ သက်တမ်းအလိုက်ပြိုင်ပွဲတွင် အသက်(၁၀)နှစ်၊ (၁၂)နှစ်၊ (၁၄)နှစ်၊ (၁၆)နှစ်နှင့် (၁၈)နှစ်အောက် မျိုးဆက်သစ်လူငယ် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲများနှင့် အသင်းလိုက်ပြိုင်ပွဲ (Inter Club) များ ပါဝင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ သိရှိလိုပါက မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀၊ ၃၈၁၉၉၁၊ ၉၉၂ (လိုင်းခွဲ-၀) သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်နှင့် ဘုရားကုန်းဟောင်းများအား ပြန်လည်တူးဖော်ထိန်းသိမ်းရန် လှူဒါန်းနိုင်

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးကြပ်၍ ပုဂံဒေသရှိ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများအား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံလျက်ရှိပါသည်။

ဘုရားစေတီတစ်ဆူချင်းပြုပြင်ရန် ၁၂၃ ဆူကျန်ရှိပြီး တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းလှူဒါန်းမှုဖြင့်ဖြစ်စေ စေတနာရှင်များက လှူဒါန်းလျက်ရှိသည့်နည်းတူ နဝကမ္မအလှူငွေများကိုလည်း လက်ခံ၍ စုပေါင်းအလှူငွေဖြင့် ပြုပြင်ပေးလျက်ရှိပါသည်။

ပုဂံဒေသရှိ အချို့ဘုရားပုထိုးများမှာ ယိုယွင်းပြိုကျ မြေပျက်စီးခဲ့ရာ မြေကုန်းကြီးများသဖွယ် တည်ရှိနေသည့် အုတ်ကုန်းပေါင်း ၈၉၂ ကုန်းကိုလည်း ပြန်လည်တူးဖော်ပြီး ပုဂံဘုရားများပုံစံအတိုင်း ရှေးမူမပျက် ပြုပြင်တည်ထားလျက်ရှိပါသည်။

သို့ပါ၍ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများပြုပြင်ရန်အတွက်လည်းကောင်း၊ ဘုရားကုန်းဟောင်းများ တူးဖော်ပြုပြင်ထိန်းသိမ်းရန်အတွက်လည်းကောင်း ပါဝင်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

လှူဒါန်းနိုင်သည့်နေရာ ဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၁၄

၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇

၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊
၃၂ ဒီ၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇

၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ပုဂံမြို့
ဖုန်း-၀၆၁-၆၀၂၆၉

၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ မန္တလေးမြို့
ဖုန်း-၀၂-၇၆၁၅၂

မိုး သတိပြု

နိုင်ငံတကာ အနုပညာရပ်ဝန်း



စတုတ္ထမြောက် တေးအယ်လ်ဘမ် Goodbye Lullaby အရောင်းမြှင့်တင်ရေးအတွက် အာရှတစ်လွှားသို့ လှည့်လည်ဖျော်ဖြေလျက်ရှိသည့် နာမည်ကြီး ပေါ့အဆိုကျော် အက်ဗရေးလ်လာဗစ်ဂ်။

တေးအယ်လ်ဘမ်သစ်အတွက် အာရှသို့ ခြေဆန့်လာသည့် အက်ဗရေးလ်လာဗစ်ဂ်

ကနေဒီယန် ပေါ့အဆိုကျော် အက်ဗရေးလ်လာဗစ်ဂ်သည် သူမ၏ စတုတ္ထမြောက် တေးအယ်လ်ဘမ်သစ်ဖြစ်သည့် Goodbye Lullaby အရောင်းမြှင့်တင်ရေးအတွက် မေလစောစောပိုင်းမှစ၍ အာရှတစ်လွှားသို့ လှည့်လည်ဖျော်ဖြေလျက်ရှိသည်။

အက်ဗရေးလ်လာဗစ်ဂ်သည် မေ ၅ ရက်မှစတင်၍ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အေအိပ်ခ်-ကိုရီးယားခန်းမ၌ ဖျော်ဖြေသည့်ပွဲဖြင့် အာရှခရီးစဉ်ကို အစပြုခဲ့သည်။ ယင်းဖျော်ဖြေပွဲသည် သူမအတွက် ကိုရီးယားနိုင်ငံ၌ ငါးကြိမ်မြောက် ဖျော်ဖြေပွဲဖြစ်ကြောင်းသိရပြီး ကိုရီးယားမီဒီယာများက The Black Star Tour In Seoul 2011 ဟု ရေးသားဖော်ပြကြသည်။

အက်ဗရေးလ်လာဗစ်ဂ်သည် ကိုရီးယားနိုင်ငံ၌ ဖျော်ဖြေပြီးနောက် တရုတ်၊ ဟောင်ကောင်၊ စင်ကာပူနိုင်ငံများသို့ ဆက်လက်ဖျော်ဖြေလျက်ရှိပြီး မေ ၂၈ရက်တွင် အိန္ဒိယနိုင်ငံ၌ ထပ်မံဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

အသက်(၂၆)နှစ်ရှိပြီဖြစ်သည့် အက်ဗရေးလ်လာဗစ်ဂ်သည် (၁၇) နှစ်အရွယ်ကတည်းက သူမ၏ပထမဆုံးတေးအယ်လ်ဘမ်ဖြစ်သည့် Let Go အယ်လ်ဘမ်ဖြင့် ကမ္ဘာကျော်တေးသံရှင်အဖြစ် နာမည်ကျော်သွားခဲ့ပြီး ယင်းအယ်လ်ဘမ်သည်လည်း ကမ္ဘာတစ်ဝန်း ၁၆ သန်း ရောင်းချခဲ့ရသည်။ ထို့နောက် ဒုတိယအယ်လ်ဘမ်ဖြစ်သည့် Under My Skin(၂၀၀၄)နှင့် တတိယမြောက်အယ်လ်ဘမ် The Best Damn Thing(၂၀၀၇)တို့ ထွက်ရှိခဲ့ပြီး ယင်းတေးအယ်လ်ဘမ်နှစ်ခုသည်လည်း ကမ္ဘာတစ်ဝန်း သန်း ၃၀ ရောင်းချခဲ့ရသည်။

အင်တာနက်။

အောဝမ်းစိုး

နိုင်ငံတကာအားကစားသတင်းများ

ခြေသံ့ပြာတစ်ကောင် ဖြစ်လာဖွယ် ရှိနေသည့် ကာကာ။

ရီးယဲလ်မှကာကာ ခြင်္သေ့ပြာတစ်ကောင် ဖြစ်လာဖွယ်ရှိ

လန်ဒန် မေ ၁၁

ရီးယဲလ်မက်ဒရစ်အသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ကာကာသည် လာမည့်နှစ်တွင် အင်္ဂလန်မြေသို့ ရောက်လာပြီး စတမ်းဖို့ဒ်ဘရက်ချ်၌ ခြင်္သေ့ပြာတစ်ကောင် ဖြစ်လာဖွယ်ရှိနေသည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိနေသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ကာကာကို အေစီမီလန်အသင်းမှ ပေါင် ၅၇ သန်းဖြင့် ဈေးကြီးပေး၍ ခေါ်ယူခဲ့သော်လည်း ၎င်းမှာ ထင်ထားသလောက်ခြေစွမ်းမပြနိုင်သည့်အပြင် မကြာခဏ ဒဏ်ရာပြဿနာများဖြင့် ကြုံတွေ့နေရသည်။ ထို့ကြောင့် ရီးယဲလ်မက်ဒရစ်အသင်းသည် ကာကာကို ပြန်လည်ရောင်းထုတ်ရန် စီစဉ်လာခြင်းဖြစ်ရာ ချယ်လ်ဆီးအသင်းက ခေါ်ယူသွားမည်ဟုဆိုသည်။ ကာကာ၏ မိခင် ဆိုင်မွန်လိုင်တီက "နောက်နှစ်ဘောလုံးရာသီမှာ ကျွန်မတို့ လန်ဒန်ကို ပြောင်းတော့မှာပါ။ ဩဂုတ်လောက်ဆိုရင်တော့ အဲဒီမှာရှိနေမှာပါ" ဟု ပြောကြားခဲ့သည်။ ဆက်လက်၍ သူမက ၎င်း၏သားဖြစ်သူမှာ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူထားပြီးဖြစ်သည်ဟု ဆိုလာသော်လည်း နှစ်ဖက်အသင်းများကမူ ယင်းကိစ္စကို ထုတ်ဖော်ပြောကြားလာခြင်းမရှိသေးပေ။ မိခင်၏ ပြောစကားများနှင့် ပတ်သက်၍ ကာကာက မည်သည့်မှတ်ချက်စကားမှ ပြန်လည်ပြောကြားခြင်းမရှိခဲ့ပေ။ ***အင်တာနက်။***

မန်စီးတီးအသင်းနိုင်ပွဲရပြီး တတိယနေရာကို မြှိမ်းခြောက်လာ

မန်ချက်စတာ မေ ၁၁

ပရီမီယာလိဂ်ပွဲစဉ် (၃၃)၏ လက်ကျန်တစ်ပွဲဖြစ်သည့် မန်စီးတီးအသင်းနှင့် စပါးတို့ပွဲကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ အိမ်ရှင်မန်စီးတီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရပြီး အာဆင်နယ်အသင်း၏ တတိယနေရာကို ခြိမ်းခြောက်လာနိုင်ခဲ့သည်။

ဂိုးရရှိ

အိမ်ရှင် မန်စီးတီးအသင်းတွင် ဒီဇီကို၊ ဂျွန်ဆင်၊ ဒေးဗစ်ဆေးလ်ဗား၊ ယာယာတိုရေး၊ မေလ်နာ၊ ဒီဂျုန်းစသည့် အမာခံကစားသမားများ ပါဝင်ခဲ့သော်လည်း ပီတာခရေ့ချ်၊ လင်နွန်၊ ဗန်ဒါဗက်၊ လူကာမော့ဒရစ်၊ ဆန်ဒရို၊ ပလာစီယို့စ်တို့ပါဝင်သည့် စပါးကို ဘောလုံးပိုင်ဆိုင်မှု အသာစီးမရခဲ့ပေ။ ဧည့်သည် စပါးကသာ ဘောလုံးပိုင်ဆိုင်မှု ၆၃ ရာခိုင်နှုန်းရှိခဲ့ပြီး မန်စီးတီးဘက်ကို တရစပ်ဖိအားပေး တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။ သို့သော် ပထမပိုင်း ပွဲကစားချိန် မိနစ် ၃၀ တွင် မန်စီးတီးအသင်းက စပါးဂိုးရှေ့ဖြတ်တင်ပေးသည့် ဘောလုံးကို ပီတာခရော့ချ် ဖျက်ထုတ်ရာ ဂိုးဝင်သွားခဲ့၍ ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်ပြီး မန်စီးတီးဂိုးရရှိသွားသည်။

ထို့နောက်ပိုင်းတွင် စပါးအသင်း ချေပဂိုးရရှိရေး တိုက်စစ်အားမြှင့်တင်ခဲ့သော်လည်း မန်စီးတီးအသင်းက ရရှိထားသည့် အနိုင်တစ်ဂိုးကို ထိန်းထားနိုင်ခဲ့၍ ပွဲအပြီးတွင် မန်စီးတီးက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရသွားသည်။ မန်စီးတီးအသင်းသည် ယခုပွဲအနိုင်ရလိုက်ခြင်းကြောင့် ပွဲစဉ်(၃၆) အပြီးတွင် ၆၅ မှတ်ရကာ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာကို သေချာစေခဲ့သည့်အပြင် အာဆင်နယ်အသင်း၏ တတိယနေရာကိုလည်း ခြိမ်းခြောက်လာနိုင်ခဲ့ပြီဖြစ်သည်။ ***အင်တာနက်။***

ဖာဘရီဂက်စ်ကို မန်စီနီ ခေါ်ယူလို

လန်ဒန် မေ ၁၁

မန်စီးတီးအသင်းနည်းပြ မန်စီနီသည် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက စပါးအသင်းကို အနိုင်ရ၍ ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာ ခိုင်မာခဲ့အပြီးတွင် အာဆင်နယ်အသင်းခေါင်းဆောင် ဖာဘရီဂက်စ်ကို ခေါ်ယူလိုကြောင်း လေသံပစ်လိုက်သည်။

အာဆင်နယ်အသင်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့ ဈေးကွက်ဖွင့်ချိန်တွင် ဖာဘရီဂက်စ်ကို ပေါင် ၃၅ သန်းဖြင့် ရောင်းထုတ်မည်ဟု ထုတ်ဖော်ပြောကြားထားသည်။ ဖာဘရီဂက်စ်ကလည်း အာဆင်နယ်အသင်း၏ ခြောက်နှစ်ဆက်တိုက် ဖလားလက်မဲ့ဖြစ်နေမှုကို စိတ်ပျက်နေပြီး အသင်းပြောင်းလိုသည့် ဆန္ဒရှိနေသည်။ မန်စီနီသည် ပြီးခဲ့သည့် အပြောင်းအရွှေ့ ကာလများက ကစားသမားဝယ်ယူမှုအတွက် ပေါင်သန်း ၁၅၀ ခန့် အသုံးပြုထားပြီးဖြစ်ရာ လာမည့်နှစ် ဘောလုံးရာသီအတွက် အသင်းပိုင်ရှင် ရှိတ်ခ်မန်ဆာက ပေါင်သန်း ၅၀ ထပ်မံအသုံးပြုခွင့်ပေးထားသည်။ မန်စီနီသည် ဖာဘရီဂက်စ်အပြင် အေစီမီလန်အသင်းမှ တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်ကို ပေါင်သန်း ၂၀ ဝန်းကျင်ဖြင့် ကမ်းလှမ်းသွားဖွယ်ရှိနေသည်။

အင်တာနက်။

ဟာနန်ဒက်ဇ်ကို ဒုတိယမက်ဆီဟု ဂန္ထဝင်ဘောလုံးသမားကြီးပီလီ မှတ်ချက်ပြု

လန်ဒန် မေ ၁၁

ဘရာဇီး ဂန္ထဝင်ဘောလုံးသမားကြီး ပီလီက မန်ယူအသင်းမှ မက်ဆီကန် တိုက်စစ်မှူး ဟာနန်ဒက်ဇ်မှာ ဘာစီလိုနာ ကစားသမားမက်ဆီ၏ ခြေရာကို နင်းမည့် ဒုတိယမက်ဆီ ဖြစ်လာမည်ဖြစ်ကြောင်း မှတ်ချက်ပြုလိုက်သည်။

အသက်(၂၂)နှစ်ရှိအဆိုပါ မက်ဆီကန်သားလေးသည် မန်ယူအသင်း၏ နောက်ပိုင်းပွဲများတွင် ဝိန်းရွန်နေးနှင့်တွဲဖက်၍ ပုံမှန်ပွဲထွက်ခွင့်ရရှိနေပြီး အသင်းအတွက် အရေးပါသည့် အဆုံးအဖြတ်ဂိုးများကို သွင်းယူပေးလျက်ရှိနေသည်။ ထို့ပြင် မန်ယူအသင်းသည် ဂိုးရရေးအတွက် ဟာနန်ဒက်ဇ်ကိုသာ အားကိုးလာရသည့် အနေအထားဖြစ်လာသည်။ ဟာနန်ဒက်ဇ်သည် အာဂျင်တိုင်းသား မက်ဆီကဲ့သို့ အလှအပအလိမ်အခေါက်များဖြင့် တစ်ဖက်နောက်တန်းကို မလှည့်စားတတ်သော်လည်း နေရာယူမှုမှန်မှုဖြင့် လျင်မြန်မှုကို အားပြုပြီး ရရှိလာသည့်အခွင့်အရေးများကို လက်မလွှတ်စတမ်း အသုံးချတတ်သူဖြစ်သည်။

ပီလီ၏ ချီးကျူးထောမနာပြုခြင်းကို ခံရသည့် ဟာနန်ဒက်ဇ်။

ချီးကျူး

ခြေထောက်နှင့် ကန်သွင်းရာတွင် တိကျသေသပ်သကဲ့သို့ ခေါင်းတိုက်ဂိုးသွင်းရာတွင်လည်း ပါးနပ်လှသည့် ဟာနန်ဒက်ဇ်ကို နောင်တစ်ချိန်တွင် ကမ္ဘာ့အကောင်းဆုံးကစားသမားဖြစ်လာနိုင်သည်ဟု ပီလီကဆိုသည်။ ထို့ပြင် ပီလီက ဘာစီလိုနာအသင်း၏ အသက်သွေးကြောဖြစ်သည့် မက်ဆီ၏ မှော်ဆန်သောကစားပုံကို ချီးကျူးလိုက်သည်။

အင်တာနက်။

ဟန်သစ်

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

(၁၈)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးပိတ်ပွဲ တက်ရောက်

နေပြည်တော် မေ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၈ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Assembly Hall ၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက်နာဂျစ် ဘင်ထွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နို အကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် ကိုယ်စား ဝါရင့်ဝန်ကြီး ပါမောက္ခ အက်စ်ဂျယာကူးမား၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံနိုင်ငံများမှ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆

ပိတ်ပွဲအခမ်းအနားကျင်းပ

ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Assembly Hall ၌ (၁၈)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနား ကျင်းပစဉ်။ (အပေါ်ပုံ)

(သတင်းစဉ်)